**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**
**ဗဟိုဌာနချုပ်**
**ကော်သူးလေ**
www.knuhq.org

နေ့စွဲ။ ။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်၊

# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(DPNS)၏ (၃၄) နှစ်မြောက် ပါတီထူထောင်ခြင်း အထိမ်းအမှတ် သို့ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မှ ပေးပို့သော သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်နေ့တွင် ကျရောက်သည့် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ထူထောင်ခြင်း (၃၄)နှစ်မြောက် အခါသမယတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင်များ၊ ပါတီဝင်များ၊ ရဲဘော်ရဲဘက်များ အားလုံး ဘေးကင်းလုံခြုံပြီး ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာ ပို့သအပ်ပါသည်။

DPNS သည် မြန်မာ့နိုင်ငံရေးဇာတ်ခုံတွင် ခေတ်ကာလတောင်းဆိုမှုအရ ၁၉၈၈ ခုနှစ်၊ နိုင်ငံအဝှမ်း ဒီမိုကရေစီ အရေး တောင်းဆိုဖော်ထုတ် တိုက်ပွဲဝင်ခဲ့ကြသော ပြည်သူ့အရေးလှုပ်ရှားမှုမှ ပေါက်ဖွားလာခဲ့သည့် လူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီသည် ပါတီနိုင်ငံရေးပလက်ဖောင်းမှ မိမိ ရည်မှန်းချက်နှင့် မူဝါဒများကို ဆုပ်ကိုင်ကာ တစိုက်မတ်မတ် တိုက်ပွဲဝင်ခဲ့ပြီး မပြီးဆုံးသေးသော သမိုင်းပေးတာဝန်များအား မျိုးဆက်သစ်များနှင့်အတူ ဆက်လက်သယ်ဆောင် တိုက်ပွဲဝင်နေသည်ကို တွေ့ရသည့်အတွက် မိမိတို့ KNU အနေဖြင့် ဂုဏ်ယူ ဂမ်းမြောက်ပါသည်။

DPNS သည် ၁၉၉၁ ခုနှစ်မှစတင်၍ KNU ၏ မိတ်ဖက်အဖွဲ့အစည်းတခုအဖြစ် ရပ်တည်ကာ ပြည်သူတို့၏ လိုလားသော အာဏာရှင်စနစ်တိုက်ဖျက်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင် အောက်မှ အမျိုးသားဒီမိုကရက်တစ်တပ်ပေါင်းစု - DAB၊ အမျိုးသားကောင်စီ - NCUB စသည့် နိုင်ငံရေးလှုပ်ရှားမှု အသီးသီး တွင် အခက်အခဲအကြပ်အတည်းပေါင်း မြောက်များစွာကို အန်တုရင်ဆိုင်ကျော်ဖြတ်ရင်း တက်ကြွစွာ ပါဝင်ခဲ့သလို ၂၀၂၁ ခုနှစ်၏ အာဏာရှင်ချုပ်ငြိမ်းရေးဖြစ်သည့် နွေဦးတော်လှန်ရေးတွင်လည်း ဦးဆောင်မှုအခန်းကဏ္ဍမှ တက်ကြွစွာ ဆက်လက်ပါဝင် တိုက်ပွဲဝင်နေသည့် သမိုင်းဖြတ်သန်းမှုအား ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး မှ လေးစား အသိအမှတ်ပြုလျက် မော်ကွန်းတင်အပ်ပါသည်။

DPNS ၏ (၃၄)နှစ်တာ ကာလအတွင်း ဒီမိုကရေစီအရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ရှုန်းကန်မှုတိုက်ပွဲတလျှောက် ဘဝနှင့် အသက်ပေါင်းများစွာကို ပေးဆပ်သွားကြသည့် တိုက်ပွဲဝင်ပါတီဝင်များအား ဦးညွှတ်ဂုဏ်ပြုလျှက် တိုင်းရင်းသားပြည်သူလူထုမှ လိုလားသည့် စစ်အာဏာရှင်စနစ် အပါအဝင်၊ မည်သည့်အာဏာရှင် စနစ်များမဆို ချုပ်ငြိမ်းပြီး ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု ထူထောင်နိုင်ရေးအတွက် မပြီးဆုံးသေးသည့် တော်လှန်ရေး တွင် မိမိတို့ဘဝတူ တော်လှန်ရေးအင်အားစုများနှင့်အတူ အတူတကွ ဆက်လက်တိုက်ပွဲဝင်သွားပါရန်ကိုလည်း တိုက်တွန်းရင်း ဤဂုဏ်ပြုသဝဏ်လွှာအား ပေးပို့အပ် ပါသည်။

ဗဟိုအလုပ်မှုဆောင်ကော်မတီ
ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး